**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

၂၀၀၉ ခုနှစ်၊ မတ်လ ၉ ရက်

# ထုတ်ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ၂/၂၀၀၉

အကြောင်းအရာ။ **မြန်မာ-အိန္ဒိယနယ်စပ်ဒေသများတွင် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ တိုးမြှင့်ဆောင်ရွက်ရေးအတွက် ခွင့်ပြုပစ္စည်းအမယ်များ သတ်မှတ်ရေးနှင့် ပတ်သက်၍ သတင်းကြေညာချက် ထုတ်ပြန်ခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိသော အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှစ၍ ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ မြန်မာ-အိန္ဒိယနယ်စပ်တွင် အိမ်နီးချင်းအိန္ဒိယနိုင်ငံသို့ နယ်စပ်များဖြစ်သည့် တမူးနှင့်ရိဒ်တို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများကို ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၁၉၉၅ ခုနှစ် ဧပြီလ (၁၀) ရက်နေ့စွဲပါ ကြေညာချက်အရ မြန်မာ-အိန္ဒိယနယ်စပ်မှ ကုန်ပစ္စည်း (၂၂) မျိုးကို တင်ပို့တင်သွင်းခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၃။ မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင်သဘောတူ ညှိနှိုင်းချက်အရ နယ်စပ်ဒေသများမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများတိုးချဲ့ရန်နှင့် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းမှ ပုံမှန်ကုန်သွယ်မှုနည်းလမ်းသို့ တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်၍ အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၁၀၆) (အာရ်အီး-၂၀၀၈) ဖြင့် အောက်ဖော်ပြပါပစ္စည်း (၁၈) မျိုးကိုမြန်မာ-အိန္ဒိယနယ်စပ်တွင် တင်ပို့တင်သွင်းခွင့်ပြုသည့် ပစ္စည်းများစာရင်းတွင် ဖြည့်စွက်သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ခဲ့ပါသည်-

(က) စက်ဘီးအပိုပစ္စည်းများ

(ခ) အသက်ကယ်ဆေးဝါးများ

(ဂ) ဓာတ်မြေသြဇာ

(ဃ) ပိုးသတ်ဆေး

(င) ချည်ထည်အစ

(စ) စတီးအိမ်သုံးပစ္စည်းများ

(ဆ) မင်သော်

(ဇ) အမွှေးတိုင်

(ဈ) ဟင်းခတ်အမွှေးအကြိုင်

(ည) အလှကုန်ပစ္စည်းများ

(ဋ) သားရေဖိနပ်

(ဌ) သုတ်ဆေးအမျိုးမျိုး

(ဍ) သကြားနှင့်ဆား

(ပ) ခြင်ဆေးခွေ

(ဏ) မီးသီး

(တ) ဘလိတ်ဓါး

(ထ) ဖလင်ကော်ပြားနှင့် ဓါတ်ပုံစက္ကူ

(ဒ) လက်ဝတ်ရတနာအတုများ

၄။ သို့ပါ၍ နယ်စပ်ဒေသများတွင် တင်ပို့တင်သွင်းခွင့်ပြုထားသော ကုန်ပစ္စည်းများအပြင် မြန်မာ-အိန္ဒိယ နယ်စပ်မှအထက်အပိုဒ် (၃) ပါကုန်ပစ္စည်းများကိုတိုးချဲ့ဆောင်ရွက်ခွင့်ပြုထားကြောင်း အသိပေးကြေညာလိုက်သည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန